

# ကန်ဆက်စ်ပြည်နယ်မှ မူလ **တန်းကျောင်း**

## အသက် ၃ နှစ်မှ ၇ နှစ်အတွင်းရှိသော ကလေးငယ်များအတွက် စာစောင်

KANSAS
STATE DEPARTMENT OF
EDUCATION

ကန်ဆပ်စ်သည် ကျောင်းသားတစ်ဦးစီ၏ အောင်မြင်မှုတွင် ကမ္ဘာကို ဦးဆောင်သည်။

ဇန်နဝါရီ 2023 တွင် ပြန်လည်ပြင်ဆင်ထားသည်။

ကန်ဆက်စ်ပြည်နယ်ပညာရေးဘုတ်အဖွဲ့၏ရည်မှန်းချက်မှာ Kansans Can ရည်မှန်းချက်ကို ပုံဖော် သွားရန်ဖြစ်သည်။ ယင်းမှာ ကန်ဆက်စ်မှ ကျောင်းသားတိုင်းကို အောင်မြင်အောင်ပျိုးထောင်ပြီး ပညာရေးတွင် ကမ္ဘာ့ထိပ်တန်းဖြစ်ရန် ရည်ရွယ်သည်။ ထိုရည်မှန်းချက်အတွက် ပံ့ပိုးမှုနှင့် တစ်ဦးချင်း ဆိုင်ရာအောင်မြင်မှုများကိုဖန်တီးပေးသည့် ကလေးသူငယ်များအား အလေးပေးသည့် စနစ်ကို လိုအပ်မည်ဖြစ်ကာ ထိုစနစ်အတွက် အားလုံးအတူတကွ လက်တွဲ ပုံဖော် လုပ်ဆောင်သွားရမည်။

မူလတန်းဆိုင်ရာ စီမံချက်သည် ကန်ဆက်စ်ပြည်နယ်ကလေးငယ်များ၏ အစောပိုင်းကာလများကို အခြေတည်ပြီး အနာဂတ်ပညာရေး အောင်မြင်မှုကို ခိုင်မာစေရန် ရည်ရွယ်သည်။ ထို့အတွက် သင့်ကလေး၏ သင်ကြားရေးနှင့် ဖွံ့ဖြိုးလာမှုအတွက် အရေးပါသည့်အပိုင်းကို ဆောင်ရွက်သည့် မိတ်ဆွေအား ကျေးဇူးတင်ပါသည်။

W.K. Kellogg ဖောင်ဒေးရှင်း၏ ထိုစီမံချက်အား ငွေကြေးထောက်ပံ့မှုအတွက် အားပေးမှုနှင့် ပတ်သက်ပြီး ထုတ်ပြန်ချက်

ကန်ဆက်စ် ပြည်နယ် ပညာရေးဌာန၏ ဆောင်ရွက်ချက်နှင့် လုပ်ငန်းများတွင် လူမျိုး၊ အသားအရောင်၊ နိုင်ငံ၊ လိင်၊ မသန်စွမ်းမှုနှင့် အသက်အပေါ် မူတည်ပြီး ခွဲခြားမှုမရှိကြောင်း၊ **Boy Socuts**နှင့် အခြားကလေးငယ်များဆိုင်ရာ စီမံထားသည့်အဖွဲ့အစည်းများကို တန်းတူတက်ရောက်နိုင်ကြောင်း ဖော်ပြလိုပါသည်။ အောက်တွင်ဖော်ပြထားသည့် အဖွဲ့သည် ခွဲခြားမှုမရှိသည့်ပေါ်လစီကို ကျင့်သုံးပါသည်။

This publication was made possible by grant number 90TP0078. Its contents are solely the responsibility of the authors and do not necessarily represent the official view of the United States Department of Health and Human Services, Administration of Children and Families.

# မူလတန်းသင်ကြားသောနှစ်။ ။ ကျောင်းအတွက် ကိပြောင်ပြင်ဆင်ထားမှု

ကန်ဆက်စ်ပြည်နယ် မိဘအချက်အလက်များ စင်တာ

ကန်ဆက်စ်ပြည်နယ် ပညာရေးဌာန



# လေးစားရပါသော မိသားစုများခင်ဗျာ

**သင်တို့ရဲ့ သားသမီးတွေအနေနဲ့ မကြာခင်မှာ မူလတန်းတက်ရောက်ရတော့မယ်ဆိုတဲ့အတွက် ဂုဏ်ယူပါတယ်။ သင့်မိသားစုအနေနဲ့ စိတ်လှုပ်ရှားနေတဲ့အချိန်ပေါ့။**

ယခု စာစောင်သည် သင့်ကလေးအား မူလတန်းတက်ရောက်ရန် ပြင်ဆင်ရမည့်အရေးကြီးသည့် အကြောင်းအရာများကို ဖော်ပြပေးထားပါသည်။။


- မူလတန်းဆိုင်ရာ ကိုပြောင်ပြင်ဆင်ထားခြင်း ဆိုသည်မှာ အဘယ်နည်း။ 7
- မူလတန်းတက်ရောက်ခြင်းနှင့်ဆိုင်သည့် အချက်အလက်များ 9
  - သင့်ကလေးများအနေဖြင့် မူလတန်းကို တက်ရောက်ရန် လိုအပ်နေပါသလား။ 9
  - မူလတန်း တက်ရောက်မည့် သင့်ကလေး၏ ကျောင်းခေါ်ကိုမြဲ 9
  - မည်သည့် အသက်အရွယ်တွင် မူလတန်းတက်ရောက်ရမည်နည်း။ 9
  - မူလတန်းတက်ရန် မည်သည့်စာရွက်စာတမ်းများကို လိုအပ်မည်နည်း။ 10
- မူလတန်းအကူးအပြောင်း 13
  - Ages & Stages Questionnaires®, Third Edition (ASQ-3)နှင့် Ages & Stages Questionnaires®: Social-Emotional, Second Edition (ASQ:SE-2) 13
- ကန်ဆက်စ်အစောပိုင်းသင်ယူရေး စံနှုန်းများ 15
- သင့်အနေဖြင့် မေးနိုင်မည့် မေးခွန်းများ 19
- မူလတန်းတက်ရန် စစ်ဆေးမှုစာရင်း 21
- အရင်းအမြစ်များ 23


မိမိထားရှိသော ကျောင်းခရိုင်ရုံးသည် သင့်ကလေး၏အရေးပါသော အချက်အလက်များကို ထုတ်ပေးနိုင်သဖြင့် ကလေး၏မူလတန်းကျောင်းတက်အတွေ့အကြုံကိုပိုမိုသိရှိနိုင်ပါသည်။ ကျောင်းနှင့်ဆရာများအား သိကျွမ်းထားခြင်းသည် သင့်ကလေး၏အောင်မြင်မှုကို မြှင့်တင်စေပါသည်။

သင့်အနေဖြင့် ကျောင်းခရိုင်ရုံးအား သိရှိလိုခြင်း၊ ပြည်နယ်ဆိုင်ရာလိုအပ်သော အချက်အလက်များကို သိလိုခြင်း သို့မဟုတ် အခြားမိသားစုထိတွေ့ဆက်ဆံမှုဆိုင်ရာနည်းလမ်းများကို သိရှိလိုပါက ကျွန်ုပ်တို့ကို ဆက်သွယ်နိုင်ပါသည်။

1-800-CHILDREN ။သင့်ကလေးအား ပျိုးထောင်ပေးခြင်းနှင့် ပတ်သက်လာလျှင် မည်သည့်မေးခွန်းများကိုမဆို မေးမြန်းနိုင်ပါသည်။ သင့်အနေဖြင့် မည်သည့် စွဲချက်ချမှုမျိုးမှမရှိသော မိဘဆိုင်ရာ အကူအညီများကို အင်္ဂလိပ်၊ စပိန်နှင့် အခြား ဘာသာစကားများဖြင့် ၂၄ နာရီပတ်လုံးမေးမြန်းနိုင်ပါသည်။

- ဖုန်းခေါ်ရန် 1-800-332-6378
- အက်ပ်ပလီကေးရှင်း ဒေါင်းလုဒ်ဆွဲရန် “1800CHILDRENKS”
- အီးမေးလ် (သို့) text ပို့ရန် 1800CHILDREN@kcsl.org
- ဝက်ဆိုဒ်ဝင်ရန် https://www.1800childrenks.org

ကန်ဆက်စ်ပြည်နယ် မိဘဆိုင်ရာ အချက်အလက် အရင်းအမြစ်စင်တာ

www.ksdetasn.org/kpirc

(866) 711-6711

ကန်ဆက်စ်ပြည်နယ် ပညာရေးဌာန

www.ksde.org

(785) 296-3201




ကန်ဆက်စ်ပြည်နယ်ရှိ မူလတန်းဆရာ၊ ဆရာမများအနေဖြင့် သင့်ကလေးကျောင်းတွင် အောင်မြင်အောင် ပြင်ဆင်ပေးလျက်ရှိပါသည်။

# မူလတန်းဆိုင်ရာ ကိုတြင်ပြင်ဆင်ထားခြင်း ဆိုသည်မှာ အဘယ်နည်း။

မူလတန်းဆိုင်ရာ ကိုတြင်ပြင်ဆင်ထားမှုမှာ ကလေးငယ်၏ မွေးဖွားချိန်မှစတင်ပီး ငယ်ရွယ်သော အစောပိုင်းအချိန်ကာလအထိ သက်ဆိုင်နေသည်။ မိဘတစ်ယောက်အနေဖြင့် (သွေးသားတော်စပ်သည်ဖြစ်စေ၊ မတော်စပ်သည်ဖြစ်စေ ပြုစုပျိုးထောင်ပေးသူ) ကလေး၏ ပထမဆုံးဆရာ ဖြစ်သည်။ သင်ဖန်တီးသော ပတ်ဝန်းကျင်သည် ကလေးအတွက် သင်ယူလေ့လာရာ ပတ်ဝန်းကျင်ဖြစ်လာသည်။ သင်ပေးလိုက်သော သင်ခန်းစာများနှင့် အတွေ့အကြုံများသည် ကလေးအတွက် ဘဝနှင့်ဆိုင်သော သင်ယူလေ့လာမှုဖြစ်သည်။ မူလတန်းဆိုင်ရာ ကိုတြင်ပြင်ဆင်ထားမှုမှာ ကလေး၏ အစောပိုင်းကာလ၏ ရလဒ်ဖြစ်သည်။

“မျိုလကျောင်းအတွက်ကိုတြင်ပြင်ဆင်မှုထဲမှာ ကလေးတစ်ယောက်ပဲ ပါဝင်တာမဟုတ်ပါဘူး။ ကျောင်းအတွက် ကိုတြင်ပြင်ဆင်မှုကို အကျယ်ပြန့်ဆုံးဖော်ပြရရင် ကလေးတွေ၊ မိသားစုတွေ၊ အစောပိုင်းတွေ့ကြုံရမဲ့ ပတ်ဝန်းကျင်တွေ၊ ကျောင်းတွေနဲ့ အဖွဲ့အစည်းတွေ ပါဝင်ပါတယ်။ ကလေးတွေဟာ မွေးရာပါအနေနဲ့ ကျောင်းတက်ဖို့ အသင့်မဖြစ်သေးပါဘူး။ သူတို့ရဲ့ ကျွမ်းကျင်မှုတွေနဲ့ ဖွံ့ဖြိုးမှုတွေဟာ ကျောင်းမတက်ခင် မိသားစုတွေ၊ လူတွေ၊ ပတ်ဝန်းကျင်နဲ့ ဆက်ဆံမှုတွေပေါ်မှာ အတော်လေးမူတည်နေပါတယ်”

ရင်းမြစ်။ ။ Maxwell, K., & R.M. Clifford. 2004. Research in Review: School Readiness Assessment. Young Children 59 (1): 42-46.




ကလေးအနာဂတ်တွင် အောင်မြင်ရန်နှင့် ပညာရေးဆိုင်ရာ ပေါက်မြောက်မှုအတွက် မရှိမဖြစ်အရေးပေါ်သော အုတ်မြစ်မှာ ကျောင်းအတွက် ကိုတြင်ပြင်ဆင်ခြင်းဖြစ်သည်။ မူလတန်းမတက်ရောက်မီကာလသည် အနာဂတ်အောင်မြင်ရေးအတွက် သက်ရောက်နေပေါ်သည်။ သင့်ကလေးအား ကျန်းမာသော အာဟာရများ၊ ကိုယ်လက်လှုပ်ရှားမှုများနှင့် စွဲလမ်းမှုများ ဖန်တီးပေးခြင်း အပြင် မကြာခဏစကားပြောပေးခြင်းက ကလေး၏အောင်မြင်ခြင်းကို ပေးသော အောင်မြင်မှုကို ရရှိစေပါသည်။


38°28'45"N 100°27'41W
MARS
EARTH
URANUS
NEPTUNE

# မူလတန်းတက်ရောက်ခြင်းနှင့်ဆိုင်သည့် အချက်အလက်များ

## သင့်ကလေးများအနေဖြင့် မူလတန်းကို တက်ရောက်ရန် လိုအပ်နေပါသလား။

ကန်ဆက်စ်ပြည်နယ်ဥပဒေအရ ကလေးသူငယ်များကို မူလတန်း တက်ခိုင်းရန် မဆုံးဖြတ်ခိုင်းပါ။ သို့သော် ကလေးငယ် များ၏အသက်သင့်လျော်ပါက မူလတန်းကျောင်းတက်ခြင်းကို ကန်ဆက်စ်ရှိကလေးများအားလုံး လုပ်ဆောင်ကြပါသည်။ ကလေးငယ်များ မူလတန်းတက်ခြင်း မတက်ခြင်းကို မိဘများကိုယ်တိုင် ဆုံးဖြတ်ကြပါသည်။

> “မိသားစုများအနေဖြင့် မိမိကလေး အသက်ပြည့်မှီအောင်စောင့် ခြင်း သို့မဟုတ် ပိုမိုအရွယ်ရောက်မှသာ ကျောင်းထားလို ခြင်းတို့ကြောင့် ကလေးငယ်များ မူလတန်းတက်ရန် အချိန် ကြကြယူတတ်ကြသည်။
>
> လေ့လာချက်များအရ ထိုသို့ကျောင်းထားရန် ကြန့်ကြာမှုများကြောင့် ကလေး၏ပညာသင်ကြားရေးအစောပိုင်းကာလများတွင် ကွဲပြား ခြားနားမှု ကြီးကြီးမားမား မတွေ့ရပါ။
>
> သို့သော်လည်း ဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများကို ဖြေရှင်းရန် ကြား ဝင်မှုမရှိပဲအချိန်ပိုယူခြင်းက ကလေးအား အဆင်သင့်ဖြစ်အောင် ပြုလုပ်နေခြင်းလည်းမဟုတ်ပါ။
>
> ထို့အပြင် လေ့လာချက်များအရ အတန်းဖော်များထက် ပိုမို အသက်ကြီးသောကလေးငယ်များအနေဖြင့် ကြီးကောင်ဝင်ချိန် တွင် လူမှုဆက်ဆံရေးနှင့် အပြုအမူများတွင် စိန်ခေါ်မှုများကို ကြုံတွေ့နိုင်ခြေပိုမိုများနေပါသည်။”
>
> ရင်းမြစ်။ ။ Mayo Clinic 2019

မူလတန်းကို တက်ရောက်ရန်ပြင်ဆင်ရန်မှာ ကလေး၏တာဝန် မဟုတ်သော်လည်း ကလေးတိုင်းကို အလေးထားလက်ခံပြီး သင့်လျော်စွာ တုန့်ပြန်ရန်မှာ စနစ်၏တာဝန်ဖြစ်ပသေည်။

## မူလတန်း တက်ရောက်မည့် သင့် ကလေး၏ ကျောင်းခေါ်ကြိမ်

သင့်ကလေးမှ မူလတန်းရောက်လျှင် ကျောင်းခေါ်ကြိမ်နှုန်းမှာ လိုအပ်ပါသည်။ ကန်ဆက်စ်ပြည်နယ်ဥပဒေ K.S.A. 72–3120 အရ ကျောင်းတက်မည့်ကလေးအနေဖြင့် အသက် ၇ နှစ်ပြည့်ရမည်ဖြစ် ပြီး သူ့အနေဖြင့် ကျောင်းကို အသက် ၁၈ နှစ်အထိ သို့မဟုတ် အထက်တန်းကျောင်း ဒီပလိုမာလက်မှတ် (သို့) အထွေထွေပညာရေး တိုးတက်မှုအဖွဲ့၏ ထောက်ခံမှုကို ရရှိသည့်အထိ တက်ရန် ကျောင်းသားမိဘများတွင် တာဝန်ရှိသည်။

ကျောင်းခရိုင်ရုံးများတွင် ခွင့်မဲ့၊ ခွင့်ရှိ ကျောင်းပျက်ခြင်းများအတွက် မူဝါဒများ ထားရှိသည်။ သင့်အနေဖြင့် မိမိဒေသတွင် အထူးတလည် လိုအပ်ချက်များရှိပါက (သို့) ကျောင်းပျက်ခြင်းနှင့် ပတ်သက်ပြီး မေးခွန်းများရှိပါက သက်ဆိုင်ရာ ကျောင်းခရိုင်ရုံးများကို ဆက်သွယ် ပါ။

## မည်သည့် အသက်အရွယ်တွင် မူလတန်း တက်ရောက်ရမည်နည်း။

အသက် လိုအပ်ချက်များ

ကန်ဆက်စ်ပြည်နယ်ရှိ အသက် ၅ နှစ်ပြည့်ပြီးသော ကလေးများ (သို့) ကျောင်းဖွင့်ရက်ဖြစ်သော သြဂုတ် ၃၁ မတိုင်မီ ၅ နှစ်ပြည့်ပြီး သော ကလေးများအနေဖြင့် ကန်ဆက်စ်ပြည်နယ်ရှိ ပြည်သူပိုင် ကျောင်းများတွင် မူလတန်းတက်ရောက်နိုင်ပါသည်(ကန်ဆက်စ် ဥပဒေ K.S.A. 72-3118အရ)။ သင့်အနေဖြင့် အခြားပြည်နယ်မှ ကန်ဆက်စ်သို့ ပြောင်းလာပြီး သင့်ကလေးသည် မူလတန်းကျောင်း တက်နေပြီဖြစ်ခဲ့လျှင်လည်း သူ့အနေဖြင့် ကန်ဆက်စ်တွင် မူလ တန်းကျောင်း တက်ရောက်နိုင်ပါသည်။

မှတ်သားထားရန်။ ။ သင့်ကလေးအနေဖြင့် အခြားပြည်နယ်တွင် မူလတန်းကျောင်းပြီးဆုံးခဲ့ပြီး ပထမတန်းတက်ရန် ပြင်ဆင်နေပါက သူ့အနေဖြင့် ကန်ဆက်စ်ပြည်နယ်၏ အသက်ကန့်သတ်ထားသည့် မကိုက်ညီခဲ့သော်လည်း ပထမတန်းကို တက်ရောက်နိုင်ပါသည်။

ကန်ဆက်စ်ဥပဒေများကို အောက်ပါဝက်ဆိုဒ်တွင် ကြည့်ရှုနိုင်ပါသည်။ http://ksrevisor.org/statutes/ksa_ch72.html

# မူလတန်းတက်ရန် မည်သည့်စာရွက်စာတမ်းများကို လိုအပ်မည်နည်း။

## မူလတန်းကျောင်း လျှောက်ထားရန် လိုအပ်သည့် စာရွက်စာတမ်းများ

- **မွေးစာရင်း**

သင့်ကလေးအနေဖြင့် ကန်ဆက်စ်ပြည်နယ်တွင် မွေးဖွားခဲ့ပါက ကန်ဆက်စ်ပြည်နယ်အချက်အလက်ဌာနမှတဆင့် ကလေး၏မွေးစာရင်းကို စာ၊ ဦးစားပေးစာ၊ အင်တာနက်၊ တယ်လီဖုန်း၊ လူကိုယ်တိုင် (သို့) faxမှတဆင့် ရယူနိုင်ပါသည်။ 1-877-305-8315 ကိုလည်း ခေါ်ဆိုနိုင်ပြီး ယင်းမှာတစ်နှစ်ပတ်လုံး ၂၄နာရီမပြတ်ဝန်ဆောင်မှုပေးနေပါသည်။ စပိန်ဘာသာပြန်များလည်း ရှိပြီး အခြားဘာသာစကားများအတွက် https://www.kdhe.ks.gov/1186/Birth-Certificate ဝက်ဆိုဒ်တွင် ဝင်ရောက်နိုင်ပါသည်။

မှတ်သားရန်။ ။ သင့်ကလေးအနေဖြင့် အခြားပြည်နယ်တွင် မွေးဖွားခဲ့ပြီး သူ၏မွေးစာရင်းကိုရယူရန် ဆက်သွယ်ရမည့်သူကို မသိရှိလျှင် ကန်ဆက်စ်ပြည်နယ်အချက်အလက်ဌာနမှ သင့်အား အချက်အလက်များကို ကူညီပေးနိုင်ပါသည်။ ထိုဌာနကို ဆက်သွယ်လိုပါလျှင် အထက်တွင် ဖော်ပြထားခဲ့သော လိပ်စာများမှ တဆင့် ဆက်သွယ်နိုင်ပါသည်။

- **ကာကွယ်ဆေးမှတ်တမ်းများ (ကာကွယ်ဆေး)**

ကန်ဆက်စ်ပြည်နယ်ဥပဒေအရ ကျောင်းကိုတက်ရောက်လိုပါက အောက်ပါရောဂါကာကွယ်ဆေးများကို ထိုးထားရန် လိုအပ်ပါသည်။

- ဆုံဆို့နာ၊ မေးခိုင်နှင့် ချောင်းဆိုးနာ
- ပိုလီယို
- ဝက်သက်၊ ပါးချိတ်ရောင်နှင့် ဂျိုက်သိုးရောဂါ
- အသည်းရောင်
- ရေကျောက် (ကျောက်ပေါက်) တို့ဖြစ်သည်။

ကာကွယ်ဆေးမထိုးရသေးသောသူများနှင့် ဆေးစစ်ချက်မအောင်သော သူများအနေဖြင့် ကျောင်း တက်ရောက်ခွင့်ရှိမည်မဟုတ်ပါ။ ထိုသို့ ကျောင်းတက်ခွင့်ပယ်ထားခြင်းကို ကလေးအနေဖြင့် ကာကွယ်ဆေးထိုးပြီးပါက (သို့) ဆေးစစ်ချက်အောင်ပါမှ ဖယ်ရှားပေးမည်ဖြစ်သည်။ ကန်ဆက်စ်ဥပဒေ(K.S.A. 72-6262)

မှတ်သားရန်။ ။ ကန်ဆက်ပြည်နယ်ကာကွယ်ဆေးထိုးပြီးကြောင်းအသိအမှတ်ပြုလက်မှတ်သည် ဆေးများအကြား ကာလခြားခြင်းကို အထူးပြုစာရင်းကောက်ယူပါသည်။ ထိုစာရင်းကို https://www.cdc.gov/vaccines/schedules/hcp/imz/child-adolescent-shell.html. တွင် ရှာဖွေနိုင်ပါသည်။ ထိုလိုအပ်ချက်များကို ဆရာဝန် (သို့) ခရိုင်အတွင်းမှ ကျန်းမာရေးဝန်ဆောင်မှုများ (သို့) ကောင်တီကျန်းမာရေးဌာနတို့နှင့် စစ်ဆေးပေးပါ။

## ကန်ဆက်စ်ပြည်နယ် ကျန်းမာရေးကွပ်ကဲရေးအတွက် (ရုပ်ပိုင်းဆိုင်ရာ) လိုအပ်ချက်များ

ကန်ဆက်စ်ပြည်နယ်ဥပဒေအရ ကျောင်းကို ပထမဆုံးတက်ရောက်မည့်ကလေးများအနေဖြင့် ၉ နှစ်အောက်ရှိရမည်ဖြစ်ပြီး ကျန်းမာရေးစစ်ချက်များကို ကျောင်းအပ်ပြီး ရက်ပေါင်း ၉၀ အတွင်း အပ်နှံရမည်ဖြစ်သည်။ ထိုဆေးစစ်ချက်များအနေဖြင့် ကျောင်းမတက်မီ တစ်နှစ်ကာလအတွင်း စစ်ဆေးထားရမည်ဖြစ်သည်။

မှတ်သားရန်။ ။ ကျောင်းသား၏ဆေးစစ်ချက်များကို အပ်နှံရမည့် ရက်ပေါင်း ၉၀ ကာလအတွင်း ကျောင်းအနေဖြင့် ဆေးစစ်ချက်များ မပြီးမြောက်သေးပါက ကျောင်းသားကို ကျောင်းမှ ထုတ်ပယ်ထားနိုင်ပါသည်။ နွေရာသီကာလအတွင်းတွင် ကျောင်းများမှ အခမဲ့ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိပါသည်။ သက်ဆိုင်ရာ ခရိုင် (သို့) ကောင်တီ ကျန်းမာရေးဌာနများတွင် အချက်အလက်များကို ရယူနိုင်ပါသည်။

## သဘောတူညီမှု ပုံစံများ

သင့်ကို အကြောင်းအရာအမျိုးမျိုးကို သဘောတူညီကြောင်း လက်မှတ်ထိုးရန် တောင်းဆိုပါလိမ့်မည်။ ထိုအချက်များတွင် သင့်ကလေးအား ကွင်းဆင်းလေ့လာရေးခရီးသွားရောက်ခွင့်ပြုရန်၊ ဓါတ်ပုံရိုက်ခွင့်ပြုရန် (သို့) ကျောင်းမှ ပညာရေးဆိုင်ရာမှတ်တမ်းများကို သိမ်းဆည်းနိုင်ရန် စသည်တို့ ပါဝင်သည်။ ကျောင်းအနေဖြင့် သဘောတူညီမှုစာတမ်းအချက်တစ်ချက်စီအတွက် ရှင်းပြချက်များ ထုတ်ပေးပါလိမ့်မည်။ မိဘ (သို့) အုပ်ထိန်းသူအနေဖြင့် ထိုအချက်များကို သဘောတူ၊ မတူ ဆုံးဖြတ်ပေးရပါမည်။





# မူလတန်းအကူးအပြောင်း

## ကလေး၏ သင်ကြား ပေးသူနှင့် ဆက်ဆံရေး တည်ဆောက်ခြင်း

သင့်ကလေး၏ ပညာရေးသည် မွေးဖွားသည်နှင့် စတင်ပြီး မူလတန်းဖြင့် အဆုံးမသတ်သွားချေ။ သင့်ကလေး၏ ကျောင်းဆရာများနှင့် ဝန်ထမ်းများကို သိအောင်လုပ်ပါ။ ကလေး၏ အခြေအနေ၊ သင်ယူမှု၊ တိုးတက်မှုနှင့် အကူအညီ လိုသည့်အပိုင်းများအကြောင်း သူတို့နှင့် မကြာခဏစကားပြောပါ။ သင့်ကလေး ကျောင်းနေပျော်ပြီး အောင်မြင်သော မူလတန်းနှစ်တစ်နှစ် ဖြစ်စေရန် အရေးကြီးအြေချက်အလက်များကို ပြောပြ ပါ။ အောက်ဖော်ပြပါအပိုင်းသည် သင့် ကလေး၏ ပညာရေးအတွက် အရေးပါ သော နည်းလမ်းများဖြစ်သည်။

## ကလေးငယ်များကို မူလတန်းကူးပြောင်းရာတွင် ကူညီခြင်း

မူလတန်းသည် အရေးပါသော အဆင့်ဖြစ်ကြောင်း သိပါလိမ့်မည်။ အကူးအပြောင်း လုပ်ဆောင်ချက် များကို ဖြစ်နိုင်ပါက ကလေးအနေဖြင့် မူလတန်းမတက်မီ နှစ်ဦးအစ ကာလတွင် စတင်သင့်ပါသည်။ ကျောင်းတော်တော်များများအနေဖြင့် ကျောင်းအကြောင်း ပိုမို လေ့လာနိုင်အောင် ပြင်ဆင်ပေးထားသည့် နေ့တစ်ရက်ရှိပါသည်။

အကူးအပြောင်းလုပ်ဆောင်ချက်များ၏ ရည်မှန်းချက်များတွင်–

- သင်နှင့် သင့်ကလေးအား သင်ကြားသူ၊ အခန်းနှင့် ကျောင်းကို ရင်းနှီးစေခြင်း
- ကလေးအကြောင်းကို သင်ကြားသူအနေဖြင့် ပိုမိုသိရှိနိုင်စေရန် ဆောင်ရွက်ပြီး ကျောင်းမ တက်ချိန်ကာလတွင် ပိုမိုစီစဉ်ထားနိုင်စေခြင်း
- ကျောင်းမှ သင်ကြားသူအသစ်၊ စာသင်ခန်း၊ ကျောင်းမှူဝါဒနှင့် လုပ်ငန်းစဉ်များ ကလေး၏ အခန်းဖော်ဖြစ်လာမည့်သူများနှင့် ကျောင်းသားမိဘများကို ထိတွေ့ခြင်း

မူလတန်းအတွက် အစမ်းပြပြင်ဆင်ထားသည့်နေ့သည် ထိုသို့ရည်မှန်းချက်များကို ဆောင်ရွက်နိုင်ရန်လွယ်ကူစေပြီး သင့်ကလေးအတွက် သင်ကြားသူမှာ ကြိုတင်ပြင်ဆင် ထားနိုင်သည်။

## မူလတန်းဝင်ရန် မှတ်တမ်းများ

### Ages & Stages Questionnaires®, Third Edition (ASQ-3)နှင့် Ages & Stages Questionnaires®: Social-Emotional, Second Edition (ASQ:SE-2)

ကန်ဆက်စ်အခြေခံမူလတန်းကျောင်းများသည် ကလေးငယ်များ၏ မိသားစုများနှင့် လက်တွဲပြီး Ages & Stages Questionnaires®, Third Edition (ASQ-3)နှင့် Ages & Stages Questionnaires®: Social-Emotional, Second Edition (ASQ:SE-2) စစ်တမ်း စာအုပ်များဖြင့် ကလေးများ၏ဖွံ့ဖြိုးမှုအား ပိုမိုသိရှိအောင် လုပ်ဆောင်နေပါသည်။ ထိုစာအုပ်များမှ မေးခွန်းများသည် ကလေး၏ဖွံ့ဖြိုးမှု အား မှတ်တမ်းများကို ထုတ်ပေးသည်။ ထိုမေးခွန်းများအနေဖြင့် မူလတန်းတက်ရောက်ခွင့်ကို ဆုံးဖြတ်နိုင်ရန် အသုံးချခြင်း မဟုတ်ပါ။ သင့်အနေဖြင့် မိမိကလေးအကြောင်းအသိဆုံးဖြစ်ပြီး ထိုစာအုပ်နှစ်အုပ်မှ မေးခွန်းများကို ဖြည့်စွက်ရပါမည်။ သင့်ကလေး၏ ကျွမ်းကျင်မှု များနှင့် အားသာချက်များကို သိထားခြင်းဖြင့် သင်နှင့် သင်ကြားသူတို့မှ ကလေးအတွက် ဖွံ့ဖြိုးရေးနှင့် အောင်မြင်ရေးကို ကူညီနိုင် ပါသည်။



အောက်ဖော်ပြလုပ်ဆောင်နိုင်စွမ်းများသည် မူလတန်းကလေးများအတွက် စံနှုန်းများဖြစ်သည်။

- ကစားနည်းအသေးတို့ကို အစအဆုံးဆော့ခြင်း (၅ မိနစ်)
- သူတို့၏ အနွေးထည်ကို ဝတ်နိုင်ခြင်း
- လမ်းညွှန်ချက်များကို အာရုံစိုက်နိုင်ခြင်း
- နံပါတ်နှင့် အရောင်များကို သိခြင်း
- စာဖတ်ခြင်း၊ သီချင်းဆိုခြင်း၊ ပုံပြင်ပြောခြင်းနှင့် အခြားသူတို့ဖြင့် စကားပြောခြင်းတို့ကို နှစ်သက်ခြင်း

ကန်ဆက်စ်ပြည်နယ်မှ မူလတန်းကျောင်း

# ကန်ဆက်စ်အစောပိုင်းသင်ယူရေး စံနှုန်းများ

## ကလေးများအနေဖြင့် သိထားရမည့်အရာနှင့် လုပ်နိုင်ရမည့်အရာများ

ကန်ဆက်စ်အစောပိုင်းသင်ယူရေး စံနှုန်းများအနေဖြင့် ၅ နှစ်ပြည့်ပြီးသော ကလေးငယ်များအနေဖြင့် သိထား၊ လုပ်ကိုင်နိုင်မည့်အရာများကို ဖော်ပြထားသည်။ သို့သော် ဉာဏ်ပညာနှင့် လုပ်ကိုင်နိုင်စွမ်းတို့သည် အလွန်ကွဲပြားခြားနားသည့်အပြင် ကလေးတို့သည် မတူညီသောပုံစံဖြင့် ဖွံ့ဖြိုးကြပါသည်။ သင့်ကလေးများအနေဖြင့် အချို့အပိုင်းတွင်သာ ကျွမ်းကျင်ပြီး ကျန်အပိုင်းများတွင် မကျွမ်းကျင်သည့်အခါတွင်လည်း စိုးရိမ်စရာမရှိပါ။ သင့်အနေဖြင့် ကလေး၏ကျွမ်းကျင်မှုကို သိရှိပြီးဖြစ်ရာ အခြားအရာအသစ်များကို ကျွမ်းကျင်လာအောင် လေ့ကျင့်နိုင်ပါသည်။

## စာဖတ်ခြင်းသည် အကောင်းဆုံးပျိုးထောင်မှုတွင် ပါဝင်သည်။

စာဖတ်ခြင်းဖြင့် ကလေးကို စကားလုံးအသစ်များ၊ အကြံဉာဏ်သစ်များနှင့် လုပ်ဆောင်ချက်အသစ်များကို ရရှိစေပါသည်။ ကလေးကို ပုံပြပြီး စကားပြောပြပေးခြင်းဖြင့် သူတို့နှင့် ထိုအရာတို့သည် မည်သို့ဆက်နွှယ်နေသည်ကို သိရှိစေပါသည်။ ကလေးအား စာဖတ်ပြခြင်းဖြင့် စာဖတ်နည်းဖြစ်သော ရှေ့မှနောက်၊ ဘယ်မှညာသို့ ဖတ်ကြောင်းကိုလည်း သိစေပါသည်။ သီချင်းဆိုခြင်း၊ သံပြိုင်ရွတ်ဆိုခြင်း၊ ကာရံစပ်ခြင်းနှင့် ပုံပြင်ပြောပြခြင်းတို့သည် အလွန်အရေးပါပြီး ပျော်စရာကောင်းသော သင်ယူမှုဖြစ်သည်။  ကျောင်းမတက်မီ အိမ်တွင် စာဖတ်ခြင်းသည် ကျောင်းတွင် စာဖတ်ရာတွင် ပိုကောင်းစေသည်။ သင့်ကလေးက စာဖတ်ပြနေချိန်တွင် စာအုပ်ပါ ရုပ်ပုံလေးများအား လက်ညိုးထိုးပြီး ဘာဖြစ်နေကြောင်းပြောပြခြင်း၊ ဖတ်နေသော စာလုံးများအပေါ် လက်ညိုးထောက်ထားခြင်းနှင့် ကလေးအား စာရွက်လှန်ခိုင်းခြင်းများ ပြုလုပ်ပေးပါ။ ထိုလုပ်ဆောင်ချက်များသည် စာဖတ်ခြင်းကို ကူညီပေးပါသည်။ ကာရံစပ်ခြင်းသည်လည်း ကလေးများကို စာဖတ်နိုင်အောင် သင်ကြားပေးရာတွင် အရေးကြီးပါသည်။ စကားလုံးများ၊ ကာရံများ ထပ်ခါထပ်ခါ ပါဝင်သော စာအုပ်များသည် ကလေးငယ်များအတွက် လွယ်ကူစေသည်သာမက ပျော်ရွှင်စေပါသည်။

## ကလေးများသည် ကစားခြင်းမှ အကောင်းဆုံးသင်ယူကြသည်။

ကလေးတိုင်းအနေဖြင့် သူတို့သိတတ်နားလည်သမျှကို စူးစမ်းလို၊ စမ်းသပ်လို၊ လုပ်ဆောင်ချင်ကြသည်။ ကလေးများအနေဖြင့် ကစားခြင်းမှ ဂရုတစိုက်နှင့် ဆတ်ဆတ်ထိမခံ ပတ်ဝန်းကျင်ကို တုန့်ပြန်လာသည်။ ဂီတ၊ လှုပ်ရှားမှု၊ ပြဇာတ်၊ ကစားနည်းများနှင့်အနုပညာများက ကလေးငယ်များအား သူတို့နှင့် သူတို့ဖန်တီးနိုင်စွမ်းများကို ဆက်နွှယ်စေပြီး လူများနှင့် ပစ္စည်းများကြား ဆက်နွှယ်မှုကို ပိုမိုသိရှိလာစေသည်။ သူတို့၏ကမ္ဘာငယ်လေးအကြောင်း သင်ယူရာတွင် မိသားစုနှင့် လူမှု အသိုင်းအဝိုင်းကြား ဆက်သွယ်ခြင်းလည်း ပါဝင်ပါသည်။ ကလေးငယ်များအနေဖြင့် ပတ်ဝန်းကျင် အခြေအနေလိုက်ပြီး ပြုမူဆောင်ရွက်ရန်နှင့် မျှော်မှန်းချက်တို့သည် ကွာဟတတ်ကြောင်းကို သိရှိလာသည်(ဥပမာ အိမ်နှင့် စတိုးဆိုင်)။

ကန်ဆက်စ်အစောပိုင်းသင်ယူရေး စံနှုန်းများနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ကန်ဆက်စ်ပြည်နယ်ပညာရေးဌာန ဝက်ဆိုဒ်ဖြစ်သော https://www.ksde.org/Portals/0/Early%20Childhood/KsEarlyLearningStandards.pdf

## သင့်ကလေး မူလတန်းမတက်မီအချိန်တွင်–



- ကလေးကို သင်ကြားမည့်သူအနေဖြင့် ကျောင်းမဖွင့်မီကာလတွင် သင့်အိမ်အား လာရောက်လည်ပတ်ခွင့် တောင်းနိုင်ပါသည်။ သင်ကြားသူအနေဖြင့် တွေ့ဆုံမည့်အချိန်ကို ဆယ်သွယ်ပြောဆိုလာနိုင်ပါသည်။ ထိုသို့ အိမ်လည်ပတ်ခြင်းသည် သင့်ကလေးအား သူ၏သင်ကြားသူကို သူ့ကိုယ်ပိုင်နေရာတွင် တွေ့ဆုံနိုင်ခွင့်ပေးသည်။ ထိုသို့ပြုလုပ်ခြင်းကြောင့် စိုးရိမ်မှုများကို လျှော့ကျစေပြီး ကျောင်းနှင့်အိမ် ဆက်နွယ်မှုကို အားကောင်းစေသည့်အပြင် သင်ကြားသူအနေဖြင့်လည်း သင့်ကလေး၏ အိမ်အခြေအနေကို သိရှိသွားစေပါသည်။
- သင်ကြားမည့်သူအား စာသင်ခန်းနှင့် ကျောင်းအချက်အလက်တို့ကို သိနိုင်မည့် အချက်များကို မေးပါ။ သင့်အနေဖြင့် လိုလားသော ဆက်သွယ်မှုနည်းလမ်းကို ပြောပြပါ။
- ဖြစ်နိုင်ပါက သင့်ကလေးအား ကျောင်းသို့ခေါ်သွားပြီး သင်ကြားသူနှင့် အတူနေကြည့်ခြင်း၊ စာသင်ခန်းအား လေ့လာခြင်းနှင့် ကစားကွင်းတွင် သွားရောက်ကစားခြင်းတို့ကို ပြုလုပ်ပေးပါ။
- အချို့သော ကျောင်းများသည် ကလေးများ မူလတန်းကို ကူးပြောင်းရန် ပြင်ဆင်ပေးသော နွေရာသီအတန်းများကို ဖွင့်လှစ်ပေးပါသည်။ ထိုအတန်းများဖွင့်မည့်သတင်းကို စောင့်ပြီး သင့်ကလေးအား စာရင်းသွင်းပေးပါ။
- သင်ကြားသူအား သင့်ကလေး၏ စိတ်ဝင်စားသောအရာများနှင့်အားသာချက်ကို အသိပေးပါ။ တိကျစွာ ပြောပြပါ။ ထိုသို့ပြုလုပ်ခြင်းက အစောပိုင်းကာလတွင် သင်ကြားသူအား သင့်ကလေးနှင့် မည်သို့ဆက်ဆံရမည်ကို သိရှိစေပါသည်။
- ကလေးနှင့် ပတ်သက်ပြီး သတိထားမည့်အရာများကို ပြောပြခြင်း (ကြောက်တတ်သည့်အရာ၊ မတည့်သည့်အစားအစာ)
- သင်ကြားသူနှင့် အခြားဝန်ထမ်းများအနေဖြင့် ကလေးနှင့်ပတ်သက်သော အချက်အလက်များ စုစည်းကာ စွမ်းရည်၊ လုပ်ဆောင်နိုင်စွမ်းနှင့် ဉာဏ်ရည်တို့ကို စစ်ဆေးမှုများ ပြုလုပ်နိုင်ပါသည်။ စာလုံးများ၊ နံပါတ်များ၊ ပုံပြင်များကို နားလည်နိုင်စွမ်းနှင့် ဆက်ဆံရေးပိုင်းတို့အပေါ် စီစစ်အကဲဖြတ်ကာ ကလေး၏လိုအပ်ချက်များကို ပြင်ဆင်ထားမည်ဖြစ်သည်၊ ထိုမှသာ မူလတန်းကို အောင်မြင်စွာ တက်နိုင်မည်ဖြစ်သည်။ အခြားစစ်ဆေးချက်များအနေဖြင့် အမြင်နှင့်အကြားအာရုံတို့ ပါဝင်မည်ဖြစ်သည်။
- ကလေးအနေဖြင့် မူကြိုတက်ရောက်ခဲ့ပြီးပါက မူလတန်းနှင့် မူကြိုဆရာများအား ဆက်သွယ်ပေးနိုင်ရန် လုပ်ဆောင်ပေးခြင်းကလည်း ကလေး၏လိုအပ်ချက်များကို သိရှိစေနိုင်သည်။
- မူလတန်းကို တက်ရောက်ခြင်းဆိုင်ရာ စာအုပ်များကို ဖတ်ပြပြီး ကလေးအား စိတ်လှုပ်ရှားစရာ စွန့်စားခန်းအတွက် ပေါ့ပေါ့ပါးပါးပြောဆိုပေးခြင်းပြုလုပ်ပါ။ ထိုကဲ့သို့စာအုပ်များကို ယခုစာစောင် အဆုံးဘက်တွင် အကြံပြုဖော်ပြထားပါသည်။
- ကျောင်းမဖွင့်မီ အပတ်ပေါင်းများစွာအလိုကတည်းက စောစောထခိုင်းခြင်း၊ အိပ်ရာပြင်ခြင်းနှင့် အချိန်မှန်အိပ်ရာဝင်ခြင်းတို့ကို ကျောင်းအချိန်ဇယားပုံစံ ပြုလုပ်ပေးပါ။ ကျောင်း၏လည်ပတ်ပုံစနစ်တွင် အရေးပါသည့် အာဟာရရှိရှိကျွေးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်းနှင့် အိပ်ချိန်မှန်ခြင်းတို့ ပါဝင်သည်ကို မမေ့ပါနှင့်။

## သင့်ကလေး မူလတန်းတက်သည့်အခါ–



- ကလေးငယ်များအနေဖြင့် အိမ်နှင့်ခွဲခွာရသောကြောင့် စိုးရိမ်မှု (သို့) ရှက်ရွံ့မှုတို့ကို ရှေးဦးစွာ ကြုံတွေ့လာနိုင်သည်၊ သို့သော် ဆရာများအနေဖြင့် ကလေးများအား ပိုမို သက်တောင့်သက်သာ ရှိစေရန် လေ့ကျင့်ထားပါသည်။ ကျောင်းသွားပို့သည့်အချိန်တွင် ကလေးငိုပါက စိတ်ငြိမ်ငြိမ်နှင့် အကောင်းမြင်ပေးပါ။ သင့်ကလေးအနေဖြင့် အဆင်ပြေသွားမည့်အကြောင်းနှင့် သင်ပြန်လာမည် ဖြစ်ကြောင်းကို သေချာပြောပြပါ။ သင့်ကလေးမှ တစ်လခန့် ကျောင်းမပျော်ဖြစ်နေပါက သင်ကြားသူနှင့် ကလေးသူငယ်စိတ်ရောဂါ ကျွမ်းကျင်သူတို့အားတွေ့ဆုံပြီး အကူးအပြောင်း ကာလအတွက် ပြင်ဆင်ပါ။
- ကျောင်းတက်ကာလ အစောပိုင်းများတွင် သင်နှင့် သင့်ကလေးကို သင်ကြားသူတို့သည် ကလေး၏တိုးတက်မှုအကြောင်း ထင်မြင်ချက်များကို ဆွေးနွေးသင့်ပါသည်။ ကလေးအား သင်ကြားသူနှင့် ဆက်သွယ်ရန် အဆင်ပြေဆုံးနည်းလမ်း (ဖုန်း၊ စာ (သို့) အီးမေးလ်)ကို အသိပေးပါ။
- ဖြစ်နိုင်ပါက ကျောင်းသို့ စေတနာ့ဝန်ထမ်းအဖြစ် တစ်ခါတရံသွားပေးပါ။ ထိုသို့ ပြုလုပ်ခြင်းကြောင့် ကလေးများအနေဖြင့် ကျောင်းနှင့် ယင်းတို့၏နေအိမ်တို့သည် ဆက်စပ်လျက်ရှိကြောင်း ခံစားမိစေပါသည်။ စာသင်ခန်းထဲတွင် သင့်ကလေး၏ သင်ကြားသူ၊ အတန်းဖော်များနှင့် သင်၏ ဆက်ဆံရေးကို ကောင်းမွန်အောင်ပြုလုပ်ပါ။ သင့်အနေဖြင့် စာသင်ခန်းအခြေအနေနှင့် ကျောင်းနေမှုပုံစံကို လည်း လေ့လာပြီးသားဖြစ်ပါလိမ့်မည်။ မူလတန်းသင်ကြားသူအများစုသည် မိဘများ ထိုသို့ပြုလုပ်ခြင်းကို လက်ခံကြသော်လည်း သင့်အနေဖြင့် ဦးစွာ ခွင့်တောင်းရန် လိုအပ်ပါသည်။
- သင့်ကလေးကျောပိုးအိတ်ထဲမှ မှတ်တမ်းများနှင့် စာစောင်များကို နေ့စဉ်စစ်ဆေးပေးပါ။ ထိုထဲတွင် ကျောင်းမှ အရေးကြီးအချက်များ ပါဝင်ပါသည်။
- ကလေးကို ကျောင်းတစ်နေ့တာအကြောင်း၊ သူငယ်ချင်းအသစ်များအကြောင်း၊ တစ် နေ့တာ ပျော်စရာအကြောင်းများကို မေးပါ။ သင့်ကလေး၏ခံစားချက်များနှင့် အတွေ့အကြုံများကို နားထောင်ခြင်းနှင့် အကြံပေးခြင်းသည် သူ၏ ယုံကြည်မှုကို မြှင့်တင်ပေးပါသည်။

## မူလတန်း မတက်မီ၊ တက်နေသောအချိန်နှင့် ပြီးဆုံးသည့်အချိန်တွင်



- အိမ်မှာနေစဉ်ကတည်းက အချိန်ဇယားချမှတ်ပြီး ပုံမှန်လေ့ကျင့်ပေးပါ။ ထိုသို့ပြုလုပ်ခြင်းသည် ကလေးအား အကျိုးရရှိစေပြီး ကျောင်းအချိန်ဇယားအတိုင်း နေထိုင်ရန် လွယ်ကူစေပါသည်။
- သင့်ကလေးကို စာအုပ်နှင့်ကစားနည်းများမှ တဆင့် အရောင်များ၊ နံပါတ်များ၊ စာလုံးများကို သိရှိစေရန် ပြုလုပ်ပေးပါ။ ထိုသို့ပြုလုပ်ရာတွင် ကလေးမှ ပျော်ရွှင်ပြီး လိုက်ပါကစားနိုင်အောင် လုပ်ပေးခြင်းက အရေးကြီးပါသည်။ မူကြိုနှင့် မူလတန်းသင်ကြားသူတို့ထံတွင် ထိုအရာများအတွက် အကြံဉာဏ်ကောင်းများ ရယူနိုင်ပါသည်။
- ကလေးအား စာအုပ်၊ ကာရံရွတ်ခြင်း၊ သီချင်းဆိုခြင်း၊ အရောင်ခြယ်ခြင်းနှင့် စက္ကူညှပ်ခြင်းတို့ကို ရင်းနှီးစေအောင်ပြုလုပ်ခြင်း၊ ကလေးကို အလေးပေးခြင်း၊ အချိန်ပေးခြင်း၊ အတူနေခြင်းတို့ကို ပြုလုပ်ပေးပါ။ မူကြိုနှင့် မူလတန်းသင်ကြားသူတို့တွင် ထိုအရာများအတွက် အကြံဉာဏ်ကောင်းများ ရယူနိုင်ပါသည်။
- စာသင်ခန်းလုပ်ငန်းလုပ်စဉ်များအကြောင်းကို လေ့လာပြီး ကလေးနှင့် ပုံမှန်ဆွေးနွေးပါ။ ဖြစ်နိုင်လျှင် ထိုလုပ်ငန်းလုပ်စဉ်များကို အိမ်တွင် လေ့ကျင့်ပါ။ ဥပမာအနေဖြင့် ကလေးကို အလှည့်စောင့်ခြင်း၊ လက်မြှောက်ပြီး နောက်ဖေးသွားခြင်းနှင့် အတန်းဖော်အားကစားရန် မေးမြန်းခြင်းတို့ကို လေ့ကျင့်ပေးပါ။
- ကျောင်းတက်ချိန်အစောပိုင်းကာလတွင် ကလေးနှင့် စိတ်ငြိမ်စွာ အချိန်ယူပေးပါ။ မိသားစုအချိန်ဇယားကို ကလေး၏တိုးတက်ရေးအတွက် ရိုးရိုးရှင်းရှင်းပြုလုပ်ပါ။
- ကျောင်းမှ အတန်းဖော်ကလေးများနှင့် အပြင်တွင် ချိန်းဆော့ခြင်းများကို ပြုလုပ်ပါ။ အတန်းဖော်များနှင့် ဆက်ဆံရေးကောင်းမွန်ခြင်းသည် ကျောင်းနှင့် ရင်းနှီးစေပြီး အနေပျော်စေပါသည်။
- သင့်ကလေး၏တိုးတက်မှုများကို အလေးထားပြီး ဆွေမျိုးကလေးများ၊ အခြားကလေးများနှင့် နှိုင်းယှဉ်ခြင်းများကို ရှောင်ရှားပါ။
- တီဗွီကြည့်ခြင်း၊ ဂိမ်းကစားခြင်းတို့ကို ကန့်သတ်ထားပြီး  စာဖတ်ခြင်းကို ပိုမိုလုပ်ဆောင်စေပါ။ သင်ကြားရေး**app**များ၊ ကလေးစာအုပ်များကို အသံထွက်ဖတ်ပြထားသော online စာအုပ်များ၊ အနုပညာများ၊ ဂီတနှင့် လှုပ်ရှားမှုများကို ပြုလုပ်ပေးပါ။ သို့သော် ထိုအရာများကို အချိန် ကြာမြင့်စွာ ပြုလုပ်ခြင်းက ကျန်းမာရေးနှင့် မညီညွတ်သည်ကို မမေ့ပါနှင့်။ အမေရိကန် ကလေးဆိုင်ရာဆေးပညာ အကယ်ဒမီ American Academy of Pediatrics (AAP) မှ ၂၀၂၀တွင်  သင့်ကလေးအနေဖြင့် ဖုန်း၊ tablet၊ ကွန်ပြူတာ၊ တီဗွီတို့နှင့် မည်မျှ အချိန်ကန့်သတ်သင့်သည်ကို အကြံပေးထားသည်။

| **ကလေးအသက်** | **အချိန်** |
|---|---|
| **၁၈ လ မတိုင်မီ** | အချိန် လူကြီးများနှင့်အတူ ဗွီဒီယို ဖုန်းခေါ်ဆိုမှုများကို ကန့်သတ် ထားပါ။ |
| **ကလေးသူငယ်များ** ( ၁၈ လ မှ ၂၄ လကြား) | အုပ်ထိန်းသူနှင့် ပညာရေးအစီအစဉ်များကို ကြည့်ရှုခြင်းကို ကန့်သတ်ထားပါ။ |
| **မူကြိုကျောင်းသားများ** ( ၂ နှစ်မှ ၅ နှစ်) | ပညာရေးမဟုတ်သည့် အစီအစဉ်များကို ကြည့်ရှုခြင်းကို တနင်္လာမှ သောကြာ အထိ ၁ နာရီ လျှော့ချပြီး စနေ၊ တနင်္ဂနွေနေ့များတွင် ၃ နာရီ လျှော့ချပါ။ |
| **မူလတန်းအရွယ် ကလေးများ** (၆ နှစ်မှ ၁၀နှစ်အထိ) | ကျန်းမာရေးညီညွတ်အောင်နေစေပြီး တီဗွီကြည့်ရှုခြင်းများကို လျှော့ချပေးပါ။ |

# သင့်အနေဖြင့် မေးနိုင်မည့် မေးခွန်းများ

| မေးခွန်းများ | အဖြေ |
|---|---|
| **ကလေးအနေဖြင့် အကူအညီလိုလျှင် ဘာလုပ်သင့်ပါသလဲ။** | သင့်ကလေး၏ သင်ကြားသူကို အရင်စကားပြောခြင်းဖြင့်<br>ကလေး၏ သင်ယူမှုပုံစံနှင့် စွမ်းဆောင်ရည် အပေါ် ထင်မြင်ချက်ကို မေးမြန်းပါ။ |
| **မူလတန်းကျောင်းဆိုင်ရာ အချက်များကို မည်သည့်နေရာတွင် ရှာယူလို့ ရမည်နည်း။** | သင်နှင့် နီးစပ်ရာကျောင်းကို ခေါ်ဆိုပြီး မေးမြန်းပါ။ သင့်ကလေး၏ ကျောင်းကို မသိပါက ခရိုင်အုပ်ချုပ်ရေး ဌာနကို ဖုန်းခေါ်ပါ။ ထိုနံပါတ်ကို ဖုန်းခေါ်လမ်းညွှန်စာအုပ် (သို့) အွန်လိုင်းတွင် ရှာဖွေနိုင်ပါသည်။<br>https://www.ksde.org/Agency/Fiscal-and-Administrative-Services/School-Finance/School-Bus-Safety/Kansas-School-District-Maps. |
| **ကျောင်းအသုံးအဆောင်များအတွက် ခက်ခဲပါက ဘာလုပ်ရမည်နည်း။** | သင့်ကလေး၏သင်ကြားသူကို မေးပြီး အဖွဲ့အစည်းများထံမှ အကူအညီတောင်းယူကြည့်ပါ။ ကျောင်းတက်ခါစတွင် ကျောင်းအသုံးအဆောင်များကို ထောက်ပံ့ပေးသော လူမှုအဖွဲ့အစည်းများစွာ ရှိသည်။ |
| **ကျောင်းတက်ရမည့် ပထမဆုံးရက်မှာ ဘယ်အချိန်နည်း။** | မူလတန်းကျောင်း အကျဉ်းချုံး မိတ်ဆက်သောရက်မှ သတင်းအချက်အလက်များကို ရယူနိုင်သည်။ သင့်အနေနှင့် ထိုနေရာကို မရောက်ဖြစ်ပါက ကလေး၏ ကျောင်းကို ဖုန်းခေါ်ပြီး စုံစမ်းပါ။ |
| **မူလတန်းကျောင်း အကျဉ်းချုံး မိတ်ဆက်ရက်ကို မတက်ရောက်ခဲ့ပါက ဘာလုပ်ရမည်နည်း။ နွေရာသီအတွင်း ကျောင်းပြောင်းခဲ့ရသော် ဘာလုပ်ရမည်နည်း။** | ကျောင်းပုံစံ အကျဉ်းချုံး မိတ်ဆက်ရက်ကို ကျောင်းသားအများစုက မတက်ရောက်ကြပါ။ တက်ရမည့်ကျောင်းကို ခေါ်ပြီး သင်နှင့်ကလေး တို့အနေဖြင့် ကျောင်းနှင့် စာသင်ခန်းများကို သွားရောက်ခြင်း၊ ကျောင်းအုပ်နှင့် ဆရာများကို တွေ့ဆုံခြင်းတို့ကို ပြုလုပ်နိုင်သလား မေးမြန်းကြည့်ပါ။ |
| **နေ့လည်စာတွင် ဘာပါဝင်သလဲ။ ကလေးကို မနက်စာ ကျွေးပါသလား။ ကျောင်း၏ မနက်စာနှင့် နေ့လည်စာ တို့အတွက် မတတ်နိုင်ပါက ဘာလုပ်ရမည်နည်း။** | သင့်ကလေးအနေဖြင့် နေ့လည်စာစားချိန်တွင် ကျောင်းတွင် ရှိနေရန် မသေချာပါ။ ကျောင်းသို့ ဆက်သွယ်ပြီး ကျောင်းချိန်ကို မေးပါ။ တစ်နေကုန် ကျောင်းတက်သော ကျောင်းသားများကို ကျောင်းမှ နေ့လည်စာကို စီစဉ်ပေးပါသည်။ ကျောင်းအများစု အနေဖြင့် ကလေးများကို မနက်စာ ကျွေးမွေးလေ့ ရှိပါသည်။တက်ရမည့်ကျောင်းကို ဆက်သွယ်ပြီး မနက်စာအကြောင်းမေးမြန်းပါ။ စားရိတ်ခ မတတ်နိုင်သော မိသားစုများကို ကျောင်းမှ အခမဲ့ သို့မဟုတ် သက်သာသောဈေးနှုန်းများဖြင့် အစားအသောက်များ စီစဉ်ပေးထားပါသည်။<br>သင့်အနေဖြင့် ကျောင်း၏ အခမဲ့၊ သက်သာ ချောင်ချိရေး အစားအစာများအတွက် လျှောက်လွှာ တင်နိုင်ပါသည်။ |
| **ကျောင်းမတက်မီနှင့် ကျောင်းတက်ပြီး ပရိုဂရမ်များအကြောင်း သိချင်သည်** | ထိုအကြောင်းကို မူလတန်း အကျဉ်းချုံး ပြသသော နေ့တွင် သိရှိနိုင်ပါသည်။ သင့်အနေဖြင့် အချက်အလက်များ ပိုမိုရရှိနိုင်ရန် ကျောင်းခရိုင် ဝက်ဆိုဒ်ကို ဝင်ရောက်ခြင်း သို့မဟုတ် ကျောင်းရုံးခန်းကို ဖုန်းခေါ်ခြင်းများ ပြုလုပ်နိုင်သည်။ |

| မေးခွန်းများ | အဖြ |
|---|---|
| **သယ်ယူပို့ဆောင်ရေးအကြောင်း သိလိုပါသည်။** | ထိုအကြောင်းကို မူလတန်း အကျဉ်းချုံး ပြသသော နေ့တွင် သိရှိနိုင်ပါသည်။ သင့်အနေဖြင့် အချက်အလက်များ ပိုမိုရရှိနိုင်ရန် ကျောင်းခရိုင် ဝက်ဆိုဒ်ကို ဝင်ရောက်ခြင်း သို့မဟုတ် ကျောင်းရုံးခန်းကို ဖုန်းခေါ်ခြင်းများ ပြုလုပ်နိုင်သည်။ |
| **မိမိကလေး၏ ကျောင်းတက်မှတ်တမ်း၊ အဆင့်၊တိုးတက်မှုတင်ပြချက်များနှင့် အစားအစာအတွက် ငွေလျော့မှုအကြောင်းကို သိရှိလိုပါသည်။** | ကျောင်းခရိုင်ရုံးများအနေဖြင့် အချက်အလက်များ ကောက်ယူခြင်း၊ အစားအသောက်၊အတန်း ပါတီပွဲစသည် တို့အတွက် ငွေပေးချေခြင်းတို့အတွက် စနစ်များစွာ အသုံးပြုလျက်ရှိသည်။ ကျောင်းဆရာမများနှင့် ကျောင်းအုပ်ချုပ်ရေးမှူး လက်ထောက်အနေဖြင့် ထိုစနစ်များအတွက် ကူညီလမ်းညွှန်ပေးနိုင်ပါသည်။ |
| **ကလေးလုံခြုံမှုရှိမရှိ မည်သို့ သိနိုင်မည်နည်း။** | ကလေး၏ သင်ကြားသူအားဆက်သွယ်ခြင်းသည် အရေးပါသည်။ သင်ကြားသူကို ဆက်သွယ်ရန် အကောင်းဆုံးအချိန်မှာ ကျောင်းအချိန်ဖြစ်ပြီး၊ ထိုသို့ပြုလုပ်မှသာ စိုးရိမ်စရာပေါ်ပေါက်လာလျှင် (သို့) လုံခြုံကြောင်းသေချာစေရန် ဆရာ၊ ဆရာမတို့ကို မည်သို့ ဆက်သွယ်ရမည်ကို သိပါမည်။ |
| **အောက်ပါ အတိုခေါက်များသည် ဘာကို ဆိုလိုသနည်း။** | ပညာရေးစနစ်တွင် အတိုကောက်စနစ် အလွန် များပြားသည်။<br>သူတို့၏ ဆိုလိုရင်းကို သိရှိရန် မတုံ့ဆိုင်းပါနှင့်။ အောက်ပါအတိုခေါက်များသည် ဥပမာများဖြစ်သည်။ |

| | | |
|---|---|---|
| EC: | Early Childhood | ကလေး၏အစောပိုင်းကာလ |
| ECSE: | Early Childhood Special Education | ကလေး၏အစောပိုင်းကာလပညာရေး |
| EIS: | Early Intervening Services | အစောပိုင်းကာလ ကြားဝင်ကူညီချင်း |
| ELL: | English Language Learners | အင်္ဂလိပ်ဘာသာသင်ယူသူများ |
| ESSA: | Every Student Succeeds Act | ကျောင်းသားတိုင်း အောင်မြင်မှုအတွက် လုပ်ဆောင်ချက် |
| FAQ: | Frequently Asked Questions | အမေးများသော.မေးခွန်းများ |
| FERPA: | Family Educational Rights and Privacy Act | မိသားစုဆိုင်ရာ ပညာရေး အခွင့်အလမ်းနှင့် လုံခြုံရေးဆိုင်ရာ လုပ်ဆောင်မှု |
| IDEA: | Individuals with Disabilities Education Act | မသန်စွမ်းသူများ ပညာသင်ကြားမှု လုပ်ဆောင်ချက် |
| IEP: | Individualized Education Plan | တစ်ဦးချင်း ပညာသင်ကြားမှုစနစ် |
| KDHE: | Kansas Department of Health and Environment | ကန်ဆက်စ်ပြည်နယ် ကျန်းမာရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဌာန |
| KSDE: | Kansas State Department of Education | ကန်ဆက်စ်ပြည်နယ် ပညာရေးဌာန |
| LEP: | Limited English Proficient | အကန့်အသတ်ရှိသော အင်္ဂလိပ်ကျွမ်းကျင်မှု |
| MFL: | Migrant Family Literacy | ပြောင်းရွှေ့မိသားစုစာတတ်မြောက်ရေး |
| MTSS: | Multi-Tier System of Supports | အမျိုးမျိုး ထောက်ပံ့မှု စနစ် |

ကန်ဆက်စ်ပြည်နယ်မှ မူလတန်းကျောင်း

# မူလတန်းတက်ရန် စစ်ဆေးမှုစာရင်း

| ပြည့်သူပိုင်ကျောင်းတက်ရန် လိုအပ်ချက်များ | ☒ | မှတ်တမ်းများ |
|---|---|---|
| မိမိကလေးအနေဖြင့် သြဂုတ် ၃၁ မတိုင်မီ ၅ နှစ်ပြည့်ပြီးဖြစ်သည်။ | ☐ | |
| မွေးစာရင်း | ☐ | |
| တစ်နှစ်အတွင်း ကျန်းမာရေးစစ်ချက် | ☐ | ရက်စွဲ |
| ကလေး၏ ကာကွယ်ဆေးများမှာ အကျုံးဝင်နေသေးပါသည်။ | ☐ | |
| ကလေး၏ ကာကွယ်ဆေးများ | ☐ | |

| ကလေးတက်ရောက်မည့်ကျောင်း | ☒ | မှတ်တမ်းများ |
|---|---|---|
| မိမိအနေဖြင့် ကလေး၏ ကျောင်းမှ ကျောင်းခေါ်ကိမြ်မူဝါဒနှင့်ပတ်သက်ပြီး နားလည်သဘောပေါက်ပါသည်။ | ☐ | |
| ကျောင်းခရိုင် ဖုန်းနံပါတ် | ☐ | နံပါတ် |
| မိမိကလေး တက်ရောက်မည့် ကျောင်းကို သိရှိပါသည်။ | ☐ | ကျောင်းအမည်<br>ဖုန်းနံပါတ်<br>လိပ်စာ |
| ကလေး၏ဆရာမများကို သိပါသည်။ | ☐ | နာမည် |
| မိမိတွင် ကျောင်းတက်ရောက်ရာတွင် လိုအပ်သောအချက်များစာရင်းရှိပါသည်။ | ☐ | |
| ကျောင်းစာရင်းသွင်းပြီးပြီဖြစ်သည်။ | ☐ | |

| ကလေးတက်ရောက်မည့်ကျောင်း | ✗ | မှတ်တမ်းများ |
|---|---|---|
| မိမိတွင် ကျောင်းပြက္ခဒိန်ရှိပြီး ကျောင်းဖွင့်ချိန်၊ ပိတ်ချိန်နှင့် အားလပ်ရက်များကို သိပါသည်။ | ☐ | |
| မိမိကလေးအနေဖြင့် ကျောင်းရောက်ရမည့်အချိန် နှင့် ကိုကြိုမည့်နေရာကို သိပါသည်။ | ☐ | အချိန်<br>နေရာ |
| ကျောင်းမတက်မီနှင့် တက်ပြီး အစီအစဉ်များကို သိပါသည်။ | ☐ | ဆက်သွယ်မည့်နေရာ<br>နေရာ |
| ဘတ်စ်ကားကိုပြု့ရေးကို သိပါသည်။ | ☐ | ဘတ်စ်ကားနာမည်<br>ဘတ်စ်ကားစောင့်ရမည့်အချိန်<br>ဘတ်စ်ကား |
| နေ့လည်စာ အစီအစဉ်ကို သိပါသည်။ | ☐ | စားရိတ်ခ မတတ်နိုင်သော မိသားစုများကို ကျောင်းမှ အခမဲ့ (သို့) သက်သာသောဈေးနှုန်းများဖြင့် အစားအသောက်များ စီစဉ်ပေးထားပါသည်။<br>သင့်အနေဖြင့် ကျောင်း၏ အခမဲ့၊ သက်သာချောင်ချိရေး အစားအစာများအတွက် လျှောက်လွှာ တင်နိုင်ပါသည်။ |
| မူလတန်းကျောင်းအကျဉ်းချုံးဖော်ပြရာ နေ့ရက်ကို သိပါသည်။ | ☐ | နေရာ<br>အချိန် |
| မိမိအနေဖြင့် အရေးပေါ်အခြေအနေရှိနေပါက ကလေးအား အခြားသူကို လာခေါ်ခွင့်ပေးသော ဖောင်ဖြည့်ခိုင်းပါသည်။ | ☐ | နာမည်<br>အရေးပေါ်အခြေအနေအကြောင်း |
| မိမိအနေဖြင့် PTA/PTO (သို့) အခြား မိဘဆိုင်ရာအဖွဲ့အစည်းအကြောင်း သိရှိပါသည်။ | ☐ | ဖုန်းနံပါတ်<br>အစည်းအဝေးချိန် |
| မိမိတွင် ကျောင်းလက်စွဲစာအုပ် အပိုရှိထားပါသည်။ | ☐ | |

ကန်ဆက်စ်ပြည်နယ်မှ မူလတန်းကျောင်း

# အရင်းအမြစ်များ

## စာအုပ်များ–

"Countdown to Kindergarten" by Alison McGhee

"Mrs. Bindergarten Gets Ready for Kindergarten" by Joseph Slate and Ashley Wolff

"The Night Before Kindergarten" by Natasha Wing and Julie Durrell

"Look Out Kindergarten, Here I Come!" by Nancy Carlson

"Welcome to Kindergarten" by Anne Rockwell

## အွန်လိုင်း အရင်းအမြစ်များ –

ကန်ဆက်စ် မိဘ အတင်း အရင်းအမြစ် စင်တာ :
https://www.ksdetasn.org/kpirc

ကန်ဆက်စ် ပြည်နယ် ပညာရေး ဌာန :
https://www.ksde.org

ကလေးများ၏ ပညာရေးအတွက် အမျိုးသား အစည်းအရုံး :
www.naeyc.org

မိသားစုကျောင်း မိတ်ဖက်များအတွက် PTA၏ အမျိုးသား စံနှုန်းများ : https://www.pta.org/nationalstandards

ကန်ဆက်စ် ပြည်နယ် ကလေးဝန်ဆောင်မှုအဖွဲ့အားဖြင့်
1-800- ကလေးများအား ထောက်ပံ့သော မိဘများ :
https://www.1800childrenks.org/



For more information, contact:

KSDE Early Childhood
(785) 296-6602
earlylearning@ksde.org

Kansans CAN

Kansas State Department of Education
900 S.W. Jackson Street, Suite 102
Topeka, Kansas 66612-1212

www.ksde.org